အမှတ်အသားကို တလွဲအသုံးပြုခြင်းဆိုသည်မှာ အဘယ်နည်း။

ငြိမ်းချမ်းစဉ်ကာလ သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခကာလတွင် ဤအမှတ်အသားများကို တရားဝင်အသုံးပြုခွင့် မရှိသူများက အသုံးပြုသည့်အခါဖြစ်စေ၊ ဤအမှတ်အသားများအပေါ် လေးစားမှု လျော့ပါးသွားစေနိုင်သည့် သို့မဟုတ် ရှုပ်ထွေးမှု ဖြစ်စေနိုင်သည့်နည်းလမ်းဖြင့် အသုံးပြုသည့်အခါဖြစ်စေ အမှတ်အသားကို တလွဲအသုံးပြုခြင်း ဖြစ်ပေါ်သည်။ တလွဲအသုံးပြုသည့် အဓိက ပုံစံနှစ်မျိုးမှာ -

ဆင်တူယိုးမှားတုပခြင်း

ပုံစံအရလည်းကောင်း၊ အရောင်အဆင်းအရလည်းကောင်း ကြက်ခြေနီ၊ လခြမ်းနီ၊ ခရစ္စတယ်နီအမှတ်အသားတို့နှင့် ရောထွေးသွားစေမည့် သင်္ကေတတစ်ခုခုကို အသုံးပြုခြင်း။



မလျော်မကန်အသုံးပြုခြင်း

ဤအမှတ်အသားကို အသုံးပြုခွင့်မရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက - ဥပမာ ၎င်းတို့အဖွဲ့အစည်းကို အမှတ်အသားပြုသည့် အမှတ်လက္ခဏာပေါ်တွင် သို့မဟုတ် အရာဝတ္ထုပေါ်တွင် ဤအမှတ်အသားကို အသုံးပြုခြင်းသည် မလျော်မကန် အသုံးပြုခြင်း ဖြစ်ပါသည်။ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ဆေးဘက်ဆိုင်ရာ ဌာနများ၊ ဆေးအရောင်းဆိုင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ သို့မဟုတ် အခြားသူများက ရံဖန်ရံခါ ဆိုသလို ထိုစည်းမျဉ်းများကို မသိရှိကြဘဲ ဤအမှတ်အသားကို မှားယွင်းစွာ အသုံးပြုကြပါသည်။



ဤအမှတ်အသားများကို အကာအကွယ်ပေးရန်နှင့် လေးစားကြစေရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။

ဤအမှတ်အသားများကို တလွဲအသုံးပြုခြင်းကြောင့် ယင်းအမှတ်အသားများ၏အကာအကွယ်ပေးနိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် စစ်ပွဲတွင် ပါဝင်သော အဖွဲ့များနှင့် လက်နက်ကိုင်ဆောင်သူများက ယင်းအမှတ်အသားများ၏ ကိုယ်စားပြုမှုအပေါ် ယုံကြည်မှု ဆုံးရှုံးစေသောကြောင့် ဖြစ်ပါသည်။

လက်နက်ကိုင်ပဋိပက္ခအတွင်း သို့မဟုတ် ငြိမ်းချမ်းစဉ်ကာလတွင် ဤအမှတ်အသား၏ အဆင့်အတန်းကို လျော့ကျစေသောကြောင့် တလွဲအသုံးပြုခြင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲ ကာလများတွင် အကူအညီလိုအပ်နေသူများနှင့် ရပ်ရွာလူထုထံ စစ်ဘက်ဆိုင်ရာဆေးဝန်ထမ်းများ၊ ကြက်ခြေနီဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များ၏ လုံခြုံဘေးကင်းစွာ သွားရောက်နိုင်မှုကိုလည်း ထိခိုက်စေနိုင် သို့မဟုတ် အဟန့်အတား ဖြစ်စေနိုင်ပါသည်။

ယင်းသို့သော အခတ်အခဲအခြေအနေမျိုးနှင့် ကြုံတွေ့ခြင်း မရှိသည့် နိုင်ငံများတွင်ပင် ပြည်သူများနှင့်ရပ်ရွာလူထုက ဤအမှတ်အသားများ၏ ရည်ရွယ်ချက်များကို နားလည်သဘောပေါက်စေရေးအတွက် အမှတ်အသားများကို မှန်ကန်စွာအသုံးပြုကြစေရန် အရေးကြီးပါသည်။ ပြည်တွင်းမငြိမ်သက်မှု သို့မဟုတ် ငလျင်၊ ရေလွှမ်းမိုးမှုကဲ့သို့ သဘာဝဘေးအန္တရာယ် အပါအဝင် အရေးပေါ် အခြေအနေတစ်ရပ်ဖြစ်ပွားသည့်အခါ ထိခိုက်ခံစားရသည့် လူထု၏ လိုအပ်ချက်များအား တုံ့ပြန်ဆောင်ရွက်ပေးနေချိန်တွင် ဤအမှတ်အသားကို အသုံးပြုသည့် ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များသည် ဤအမှတ်အသားများ နှင့် ဒွန်တွဲလျက်ရှိသည့် တန်ဘိုးထားမှုများနှင့် အခြေခံမှုများ ဖြစ်သော ကြားနေသည့်၊ လွတ်လပ်သည့်၊ ခွဲခြားမှုမရှိသည့်သူများ ဖြစ်ကြောင်းကို အများပြည်သူသိရှိရန် လိုအပ်ပြီး ၎င်းတို့ကို လုံခြုံဘေးကင်းစွာ သွားရောက်လုပ်ကိုင်ခွင့်ပေးရန် လိုအပ်ပါသည်။

M. Kokic/ICRC

ဤအမှတ်အသားများကို တလွဲအသုံးပြုလျှင် မည်သို့ ဖြစ်နိုင်သနည်း။

ဤအမှတ်အသားများကို တလွဲအသုံးပြုခြင်းကြောင့် အဓိကအားဖြင့် အရေးပေါ်အခြေအနေများတွင် အကူအညီ အလိုအပ်ဆုံးသော သူများအတွက် စိုးရိမ်ဖွယ်ရာ အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပါသည်။ ဤအမှတ်အသားများကို အသုံးပြုခွင့်မရှိသူများက အသုံးပြုပါက အသက်အန္တရာယ် ကျရောက်နိုင်သည်အထိ အဆိုးဆုံး အခြေအနေမျိုးကြုံတွေ့နိုင်ပါသည်။ အောက်ဖော်ပြပါ နမူနာများကို စဉ်းစားကြည့်ပါ -

နမူနာဖြစ်ရပ်များ

သင့်နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားလျက်ရှိသည်။ လူနေထူထပ်သောဒေသများကို အမြောက်များဖြင့် အကြီးအကျယ် ပစ်ခတ်လျက်ရှိသည်။ အမျိုးသား၊ အမျိုးသမီးနှင့်ကလေးများ ဒဏ်ရာရကာ နေအိမ်များ ပျက်စီးကြသည်။ ထိခိုက်ဒဏ်ရာရသူများကို စောင့်ရှောက်မှုပေးရန် ကြက်ခြေနီအမှတ်အသား အသုံးပြုထားသော ကျန်းမာရေးလုပ်သားများ ရောက်ရှိလာကြသော်လည်း ၎င်းတို့အား စစ်ဆေးရေးဂိတ်တွင် တားဆီးထားပြီး ထိုဒေသအတွင်းသို့ ဝင်ရောက်ခွင့်မပြုချေ။ အကြောင်းရင်းမှာ ပဋိပက္ခမဖြစ်ပွားမီက ဤအမှတ်အသားများကို ဆေးဘက်ဆိုင်ရာ အသိုင်းအဝိုင်းက လွတ်လပ်စွာ အသုံးပြုခဲ့ပြီး ပုဂ္ဂလိကကုမ္ပဏီများက စီးပွားရေးအကျိုး အမြတ်အတွက် ယင်းကိုအသုံးပြုခဲ့ကြသည်။ ထို့နောက် လက်နက်ကိုင်ပဋိပက္ခအတွင်း အချို့သောတိုက်ခိုက်ရေး သမားများက လက်နက်များနှင့် ခဲယမ်းမီးကျောက်များကို ကြက်ခြေနီအမှတ်အသားပါရှိသော လူနာတင်ယာဉ်များကို အသုံးပြု၍ ဥပဒေမဲ့ သယ်ယူပို့ဆောင်ခြင်းများကိုလည်း ပြုလုပ်ခဲ့ကြသည်။ ဤအမှတ် အသားများကို မည်သူကမျှ နားမလည် သို့မဟုတ် မယုံကြည်သောကြောင့် ဆေးဘက်ဆိုင်ရာ လုပ်သားများအား အကူအညီပေးရန် ခွင့်မပြုချေ။ ထို့အတွက် ကြက်ခြေနီလှုပ်ရှားမှုလုပ်ငန်းများ ရပ်တန့်ကာ အသက်ပေါင်းများစွာ ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။

သင့်ရွာတွင် တိုင်ဖွန်းမုန်တိုင်းကြီး တိုက်ခတ်သွားရာတွင် သင့်နေအိမ်ပျက်စီးသွားသည်။ သင့်မိသားစု ထိခိုက်ဒဏ်ရာရပြီး အကူအညီ အမြန်လိုအပ်နေသည်။ ကြက်ခြေနီ ရှေးဦးပြုစုသူများက အသက်ကယ်ဆယ်ရေး အကူအညီပေးရန် သင့်ရွာသို့လာသော်လည်း ၎င်းတို့ကို ရွာထဲအဝင်မခံဘဲ တားဆီးပိတ်ဆို့ထားသည်။ မကြာသေးခင်က ပြုလုပ်သွားသော ရွေးကောက်ပွဲမဲဆွယ်ရာ၌ ပါတီတစ်ခုက ကြက်ခြေနီနှင့် အနီးစပ်ဆုံးဆင်တူသော သင်္ကေတကို အသုံးပြုခဲ့သောကြောင့် ဒေသခံတာဝန်ရှိသူများက ဤအမှတ်အသားများကို နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသည်ဟူ၍ သံသယရှိနေကြသည်။ ကြက်ခြေနီကပေးသော စောင့်ရှောက်မှုသည် ကြားနေပြီးခွဲခြားမှုမရှိသည့်အကြောင်းကို ၎င်းတို့ နားမလည်ချေ။ ယခုဖြစ်ရပ်တွင်လည်း သင့်မိသားစုမှာလိုအပ်နေသော စောင့်ရှောက်မှုကို မရရှိဘဲ ရွာရှိလူအများ သေလုမျောပါးဖြစ်ကြပြီးအသက်ပေါင်းများစွာ ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။

N. Celis/IFRC

A. Synenko/ICRC

ဤအမှတ်အသားများကို အကာအကွယ်ပေးရန် သင် မည်ကဲ့သို့ ကူညီလုပ်ဆောင်ပေးနိုင်မည်နည်း။

ဤအမှတ်အသားများကို သတ်မှတ်ထားသည့်နည်းလမ်းများဖြင့်သာ အသုံးပြုရမည်။ ရှုပ်ထွေးမှု မရှိစေရန်နှင့် တလွဲအသုံးပြုမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရန် အခြားသင့်တော်သည့် သင်္ကေတများကို သင်အသုံးပြုနိုင်ပါသည်။

ဥပမာအားဖြင့် လူနာတင်ယာဉ်များ၊ ဆေးရုံများ၊ ရှေးဦးပြုစုရေးစခန်းများနှင့် ဆေးအရောင်းဆိုင်များကို ဖော်ပြရန် ဆေးဘက်ဆိုင်ရာ အသိုင်းအဝိုင်းသည် နိုင်ငံတကာ အသိအမှတ်ပြု အမှတ်လက္ခဏာများထဲမှ တစ်ခုကို အသုံးပြုနိုင်ပါသည်။

ဤအမှတ်အသားများကို အသုံးပြုခွင့်မရှိသည့် ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများက အသုံးပြုနေသည်ကို သင်မြင်တွေ့ပါက မည်သို့အရေးယူဆောင်ရွက်မည်ကို ဆုံးဖြတ်မည့် သင့်အမျိုးသားကြက်ခြေနီအသင်းထံသို့ အသိပေးနိုးဆော်ရပါမည်။ ဖြစ်ရပ်အများစုတွင် ဤအမှတ်အသားများကို တလွဲအသုံးပြုသူများသည် ဤအမှတ်အသားများ၏ ရည်ရွယ်ချက်နှင့် အသုံးပြုပုံတို့ကို မသိရှိကြသောကြောင့် ထိုသို့ အလွယ်တကူတလွဲ အသုံးပြုကြခြင်း ဖြစ်သည်။


ဆေးရုံ


ဆေးဆိုင်


ရှေးဦးပြုစုခြင်း


လူနာတင်ယာဉ်